# (၂၅) နှစ်မြောက်ဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် နေ့ဆွမ်းဆက်ကပ်ခြင်း အခမ်းအနား ကျင်းပပြုလုပ်ခြင်း [1]

Posted on 13 October 2018

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ (၂၅) နှစ်မြောက် ငွေရတုဌာန နှစ်ပတ်လည်နေ့ နေ့ဆွမ်း ဆက်ကပ်ခြင်းအခမ်းအနားကို ၂၀၁၈ခုနှစ်၊ အောက် တိုဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးချုပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းအမှုထမ်းများ တက်ရောက် ကြည်ညို ခဲ့ကပြါသည်။

အခမ်းအနားတွင် သုခိတာရာမ (ယဉ်ငေး)ကျောင်းပရိယတ္တိ-ပဋိပတ္တိ၊ ယဉ်ကျေးလိမ္မာ သာသနာပုခြာရာတော် ဦးက္ကန္ဒကထံမှ ညွှန်ကြားရေးမှူးချုပ် အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံ ယူဆောက်တည်ကြပြီးပရိတ်တရားတော်များနာကြားကြပါသည်။ ထို့နောက် ဆရာတော် ဦးက္ကန္ဒကထံ မှ အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမှ ကြွရောက်တော်မူကြသည့် သံဃာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative